# အမုန်းခွန်အား



စစ်အေးခေတ်က ဖြစ်သည်။

ဆိုဗီယက်-အမေရိကန် ချစ်ကြည်ရေး အားကစားပြိုင်ပွဲကို နယူးယောက်မှာ တခမ်းတနား ကျင်းပသည်။

Hammer Throw ခေါ် ဆယ်ပေါင်၊ ၁၂ ပေါင် စသည် ဖြင့် အလေးချိန်စီးသည့် သစ်သား အရိုးတပ် ပန်းပဲတူကြီးများကို အဝေးဆုံးရောက်အောင် ပစ်ရသည့် ရိုးရာ အားကစားပြိုင်ပွဲမှာ လူစိတ်အဝင်စားဆုံး ပြိုင်ပွဲတစ်ခု ဖြစ်သည်။



ထိုပွဲတွင် အရွယ်လွန် ဆိုဗီယက်အားကစားသမားကြီးက အဝေးဆုံး ပစ်နိုင်ပြီး ရွှေတံဆိပ် ရသည်။

သတင်းထောက်တွေက စုပေါင်းလယ်ယာလုပ်သား အားကစား သမားကြီးကို ဝိုင်းဗျူးကြသည်။

"ဆရာကြီးက ဒီအရွယ်ကျမှ လူငယ်တွေကို ကျော်ပြီး ပထမ ရတာ ဘယ်လို လေ့ကျင့်ခဲ့လို့ပါလဲ"

"ငါ ဘာမှ မလေ့ကျင့်ဘူး။ ဒီအတိုင်း ကောက်ပစ်လိုက်တာ"

"အံ့သြစရာပဲ၊ ဒီ ၁၂ ပေါင် တူကြီးကို ဒီလောက် အဝေးကြီး ပစ်နိုင်တာ"

"ဟုတ်တယ်။ ဒါတောင် တံစဉ်နဲ့ ပူးချည်မထားလို့ တံစဉ် ပါရင် ဒီထက်တောင် ဝေးသေး"

UK Jokes.com